## Highlights from DVB Debate's Small and Medium-Sized Enterprises' Show

## February 13, 2016

## "How to start your Small and Medium-Sized Enterprises Business?"

"အစိုးရတွေအနေနဲ့ SME လုပ်ငန်းတွေရဲ့ အရေးပါမှုကို နားမလည်နိုင်သေးဘူး၊ အသိအမှတ် မပြုသေးဘူး လို့ မြင်တယ်။ အခု အန်အယ်လ်ဒီရဲ့ စီးပွားရေးမူဝါဒထဲမှာလည်း SME နဲ့ပတ်သက်တာ မပါဘူး။ နိုင်ငံမှာက SME ဆိုတဲ့ ရောမ ဝန် ကြီးကို ထမ်းနိုင်တဲ့ အရည်အသွေးရော အရည်ချင်းရော မရှိသေးဘူး"

ဦးခင်မောင်ညို(ဘောဂဗေဒ) - ဘောဂဗေဒပညာရှင်

---

"SME လုပ်ငန်းရှင်တွေက စားသုံးသူလိုအပ်ချက်နဲ့ ဈေးကွက်ကို ကြည့်ပြီး လုပ်ကိုင်တာမျိုး မဟုတ်ဘဲ ဈေးကွက်ထဲမှာ သူများတွေ ဘာလုပ်နေလဲ အဲဒါကိုပဲ တုပြီး ပုံစံတူပြိုင်ဘက် ဈေးကွက်ပုံစံနဲ့သွားနေတာတွေ ဖြစ်နေတယ်"

ဦးအောင်ချစ်ခင် - Strategy First Institute ကျောင်းအုပ်

---

"အစိုးရက သတ်မှတ်ထားတဲ့ အတိုးနှုန်းက ၈.၅ ရာနှုန်းပါ ဒီအတိုးနှုန်းနဲ့ပဲ မြန်မာ့စီးပွားရေးဘဏ်ကနေ အသေးစားနဲ့အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကို ချပေးပါတယ်။ အမှန်တော့ ဒီထက် အတိုးနှုန်းသက်သက်သာသာ လုပ်ပေးချင်ပေမယ့် ကျမတို့က Exchange Rate တွေ၊ ငွေကြေးဖောင်းပွမှုတွေနဲ့ market price တွေ တွက်ချက်ရလို့ပါ"

ဒေါ်အေးအေးဝင်း - ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန (စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)

---

"စာရင်းအင်းအတိအကျမရှိဘူး SME လုပ်ငန်းရှင်ဘယ်လောက်ရှိလဲ ဘယ်လောက်ဒုက္ခရောက်ပြီး ပျောက်သွားပြီလဲ ဒါတွေမရှိတော့ လက်ရှိအခြေအနေဘာတွေဖြစ်လဲ မသိဘူး"

ဦးခင်မောင်ညို(ဘောဂဗေဒ) - ဘောဂဗေဒပညာရှင်

---

“အသေးစားအလတ်စားလုပ်ငန်းရှင်တွေနဲ့ ပတ်သက်တဲ့ SME လုပ်ငန်းရှင်တွေကို ကိုယ်စားပြုတဲ့ အင်စတီကျူးရှင်းတွေ ပျောက်နေတယ်”

ဦးအောင်ချစ်ခင် - Strategy First Institute ကျောင်းအုပ်

---

“ကျနော်တို့ ထုတ်ကုန်တွေကို စားသုံးမယ့် အလယ်အလတ်တန်းစား middle class မရှိဘူး”

ဦးမြင့်စန်း - အသေးစားလုပ်ငန်းရှင်

---

“မြန်မာ့အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေကို အဆင့်အတန်း သတ်မှတ်ရင်တော့ တော်တော်ပြဿနာရှိတယ်။ ဥပမာ နာမည်ကြီး လက်သည်းဆိုးဆေး လုပ်ငန်းရှင်တယောက်ဆို အဲလုပ်ငန်းကို လုပ်သား ၅ ဦးလောက်နဲ့ လုပ်နေတာ တချို့ဆို လုပ်သားတောင် မရှိဘူး.. သူနဲ့ သူ့အမျိုးသမီး သား သမီး စသည်ဖြင့် အလုပ်ရှိရင် လုပ်တယ် မရှိရင် မလုပ်ဘူး။ အခြေအနေတွေက ဒီလို ရှိတယ်”

ဦးကျော်မင်း - မြန်မာနိုင်ငံအလှကုန်အသင်း ဥက္ကဌ၊ ရွှေပြည်နန်းကုမ္ပဏီ ဥက္ကဌ

---